# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၁ ) ၂၀၂၆ ခုနှစ် ဧပြီလ ၁၀ ရက်


**မာတိကာစဉ်**


| | | |
|---|---|---|
| ၁။ | ဖြောင့်ချက်နှင့် ဝန်ခံချက် | ၂ - ၄ |
| ၂။ | လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးသည် အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်သည်ဆိုသော ရည်ရွယ်ချက်ကို ရည်ညွှန်းပြဆိုနေသော အရေးယူ အပြစ်ပေးမှုများအကြောင်း | ၅ - ၇ |
| ၃။ | အိန္ဒိယနိုင်ငံတွင် လိင်ပြောင်းလဲထားသူများ၏ အခွင့်အရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ အတည်ပြုခဲ့ခြင်းအကြောင်း | ၈ - ၁၀ |
| ၄။ | အွန်လိုင်းလိမ်လည်မှုများတိုက်ဖျက်သည့်ဥပဒေမူကြမ်းကို ကမ္ဘောဒီးယား အစိုးရက အတည်ပြုလိုက်ခြင်း | ၁၁-၁၃ |

## ဖြောင့်ချက်နှင့် ဝန်ခံချက်

ဖြောင့်ချက်တိုင်းသည် ဝန်ခံချက်တွင် အကျုံးဝင်သည်။သို့သော် ဝန်ခံချက်တိုင်းသည် ဖြောင့်ချက်မဟုတ်ပေ။ (All confessions therefore come under admissions, but all admissions are not confessions)[၁] ဝန်ခံချက်နှင့်စပ်လျဉ်း၍ သက်သေခံအက်ဥပဒေပုဒ်မ ၁၇ တွင် "အငြင်းဖြစ်သည့် အကြောင်းခြင်းရာ သို့မဟုတ် စပ်ဆိုင်သော အကြောင်းခြင်းရာတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တစ်စုံတစ်ခုသော အဓိပ္ပာယ်ကောက်ယူနိုင်ရန် နောင်လာမည့် ပြဋ္ဌာန်းချက်များတွင် ဖော်ပြထားသည့် အခြေအနေများ၌ ဖော်ပြထားသူတစ်ဦးဦးက နှုတ်ဖြင့်ဖြစ်စေ၊ စာတမ်းအမှတ်အသားဖြင့်ဖြစ်စေ တင်ပြသောထွက်ဆိုချက်ကို ဆိုသည်"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသော်လည်း ဖြောင့်ချက်နှင့်စပ်လျဉ်း၍ သက်သေခံအက်ဥပဒေ၌ အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို မတွေ့ရသဖြင့် ဥပဒေပညာရှင်များ၏ ဖွင့်ဆိုချက်များ၊ ခေတ်အဆက်ဆက်က စီရင်ထုံးများကိုအခြေခံကာ ဖြောင့်ချက်ကို အဓိပ္ပာယ်ဖွင့်ဆို အသုံးပြုကြသည်ကို တွေ့ရပါသည်။သက်သေခံအက်ဥပဒေတွင် ဖြောင့်ချက်ဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပုဒ်မ ၂၄မှ ၃၀ အထိ တွေ့ရပြီး ဖြောင့်ချက်သည် ဝန်ခံချက်တွင်လည်း အကျုံးဝင်သောကြောင့် ဝန်ခံချက်နှင့်စပ်လျဉ်း၍ ပုဒ်မ ၁၇ မှ ၃၁ ထိ ပါဝင်သည်ကို တွေ့ရမည်ဖြစ်ပါသည်။

ဖြောင့်ချက် (Confession)၏အဓိပ္ပာယ်ကို Oxford Dictionary of Law တွင် "An admission in whole or in Part, made by an accused person of his guilt" ဟု ပါရှိပြီး တရားခံက ပြစ်မှုနှင့်စပ်လျဉ်း၍ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဝန်ခံခြင်းဟု အဓိပ္ပာယ်ရပါသည်။ထို့ပြင် Stephen in his Digest of the Law of Evidence, Art. 21 တွင် "A confession is an admission made at any time by person charged with crime, stating or suggesting the inference that he committed the crime"[၂] ဖြောင့်ချက်ဟူသည် ပြစ်မှုဖြင့် အရေးယူခံလျက်ရှိသော တရားခံတစ်ဦးက မည်သည့်အချိန်တွင်မဆို ၎င်း ပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်း၍ ဖော်ပြသော ဝန်ခံချက်ဟု

၁။ S.C.SARKAR OR The Law of Evidence

၂။ S.C.SARKAR's The Law of Ecidence (Ninth Edition) P-197

ဖွင့်ဆိုပါသည်။ဖြောင့်ချက်ဆိုသည်မှာ တရားခံတစ်ဦးဦးက ၎င်းအပေါ် စွပ်စွဲထားသည့် ပြစ်မှုကို ကျူးလွန်ကြောင်း သို့မဟုတ် ပြစ်မှုမြောက်စေသည့် အပြုအမူကို ပြုမူခဲ့ကြောင်း ဝန်ခံပြောဆိုချက် ဖြစ်သည်။အကယ်၍ ဝန်ခံပြောဆိုချက်မှာ စွပ်စွဲထားသည့် ပြစ်မှုမှ ကင်းလွတ်စေမည် သို့မဟုတ် အပြစ်မရောက်အောင် ကိုယ်လွတ်ရုန်းသည့်စကားရပ်များဖြစ်လျှင် ထိုဝန်ခံပြောဆိုချက်ကို ဖြောင့်ချက် ဟု မခေါ်နိုင်ပေ။[၃]

ဖြောင့်ချက်ပေးရာတွင် တရားသူကြီးထံတွင်ပေးသော ဖြောင့်ချက်(Judicial Confession)နှင့် တရားသူကြီး မဟုတ်သူထံတွင် ပေးသောဖြောင့်ချက် (Extra Judicial Confession)ဟူ၍ နှစ်မျိုး တွေ့ရှိရပါသည်။ ဖြောင့်ချက်ရယူပိုင်ခွင့်ရှိသော တရားသူကြီးက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၆၄၊ ၃၆၄ နှင့်အညီ တရားခံထံမှ ဖြောင့်ချက်ကို နည်းလမ်းတကျ သတ်မှတ်ပုံစံအတိုင်း စာဖြင့် အရေးယူ ခြင်းသည် Judicial Confession ဖြစ်ပြီး၊ တရားခံက တရားရုံး သို့မဟုတ် တရားသူကြီးထံတွင် မဟုတ်သည့် အခြားနေရာတွင် ပြစ်မှုကျူးလွန်ခြင်းနှင့်စပ်လျဉ်းသည့် ပြောဆိုချက်၊ ဝန်ခံချက်များ သည် Extra Judicial Confession ဖြစ်ပါသည်။တရားသူကြီး မဟုတ်သူထံပေးသော ဖြောင့်ချက် အား တရားခံပြောသည့်စကားကို မည်သို့မည်ပုံကြားကြောင်း သက်သေခံချက်ပေးနိုင်သည်။တရားခံက နှုတ်ဖြင့် ပြောဆိုသည်ဖြစ်နိုင်သကဲ့သို့ စာဖြင့် ရေးသားချက်လည်း ဖြစ်နိုင်သည်။လူအများထံတွင် ဖြောင့်ချက်ပေးခြင်း ဖြစ်နိုင်သကဲ့သို့ လူတစ်ဦးဦးထံတွင် မဟုတ်ဘဲ ဝတ်ပြုဆုတောင်းသည့် ပုံစံမျိုး နှင့်လည်း ဖြစ်နိုင်ပါသည်။[၄]

ဖြောင့်ချက်သည် တရားခံတစ်ဦးဦးက ပြစ်မှုကျူးလွန်ကြောင်း ဝန်ခံချက်ဖြစ်ပြီး တရားခံက အပြစ်မရအောင် ကိုယ်လွတ်ရုန်းထွက်ဆိုလျှင်ဖြစ်စေ၊ မှုခင်းနှင့်စပ်လျဉ်း၍ အခြားအချက်အလက် များ ထွက်ဆိုလျှင်ဖြစ်စေ ဝန်ခံချက်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။သက်သေခံအက်ဥပဒေပုဒ်မ ၁၇ မှ

၃။ မောင်စံမြိုင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ ၁၉၆၆ ခုနှစ်၊ မတစ၊ ရုံးချုပ်၊ စာ-၆၃၄

၄။ S.C.SARKAR’s The Law of Ecidence, P-201

၂၁ အရ ဝန်ခံချက်ကို တရားမမှုတွင်သာမက ရာဇဝတ်မှုတွင်လည်း သက်သေအထောက်အထား အဖြစ် လက်ခံစဉ်းစားနိုင်ကြောင်း[၅] တွေ့ရှိရပေသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ပြစ်မှုဆိုင်ရာအမှုလိုက်ဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

၅။ မောင်ကိုလေးပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ၊ 1968, BLR (c.c) P-148

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၁ ) ၂၀၂၆ ခုနှစ် ဧပြီလ ၁၀ ရက်

## လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်ဆိုသော ရည်ရွယ်ချက်ကို ရည်ညွှန်းပြဆိုနေသော အရေးယူအပြစ်ပေးမှုများအကြောင်း

မြန်မာအမျိုးသမီးအချို့သည် ဆင်းရဲနွမ်းပါးခြင်း၊ မသိနားမလည်ခြင်း၊ ငွေကြေးအခက်အခဲနှင့် ရင်ဆိုင်ရခြင်း၊ မက်လုံးတစ်စုံတစ်ရာပေး၍ သွေးဆောင်ဖြားယောင်းခံရခြင်း၊ ပို၍ကောင်းမည်ဟု ထင်ရသည့် ဘဝအခြေအနေတစ်ရပ်ကို ရရှိလိုခြင်း၊ လက်တလောရင်ဆိုင်နေရသည့် အခက်အခဲ တစ်စုံတစ်ရာမှ ထွက်ပေါက်ရှာခြင်းတို့အပါအဝင် အကြောင်းတရားအမျိုးမျိုးတို့ကြောင့် လူကုန်ကူးမှု ၏သားကောင်ဘဝသို့ ကျရောက်ခံကြရသည်။မကြာခဏဆိုသလိုပင် လူမှုကွန်ရက်စာမျက်နှာများ တွင် နိုင်ငံခြားသားများနှင့် မြန်မာအမျိုးသမီးများ ဖူးစာဆုံလက်ထပ်ကြသည့် အကြောင်းအရာများ ဖော်ပြထားသည်ကို တွေ့ရှိနေကြရသည်။ အမှန်တကယ်အားဖြင့် မေတ္တာသက်ဝင်၍ ဘဝလက်တွဲ ခရီးဖော်အဖြစ် တရားဝင်လက်ထပ်ပြီး လက်တွဲကြခြင်းအတွက် အပြစ်ဆိုဖွယ်ရာ မရှိသော်လည်း ဟန်ဆောင်လက်ထပ်ပြီး ပြည်ပသို့ခေါ်ဆောင်ခြင်း၊ ပြည်တွင်း၌ပင် အငှားမယားအဖြစ် ပြုမူခံရခြင်း များအတွက်မူ ကာယကံရှင် မြန်မာအမျိုးသမီးများအတွက် လွန်စွာပင် အန္တရာယ်ရှိလှပေသည်။

ကမ္ဘာတစ်ဝန်းရှိ လူကုန်ကူးခံရမှု အများဆုံးရှိရာဒေသသည် စစ်တမ်းညွှန်းကိန်းများအရ အရှေ့တောင်အာရှဒေသဖြစ်နေသည်ကို ဝမ်းနည်းဖွယ်ရာ လေ့လာတွေ့ရှိရပါသည်။ ကမ္ဘာတစ်ဝန်း လူကုန်ကူးခံရသူ စုစုပေါင်း၏ ထက်ဝက်ကျော်မှာ အရှေ့တောင်အာရှမှဖြစ်ပြီး အများစုသည် အသက် ၁၈ နှစ်မှ ၂၄ နှစ်အတွင်းရှိသော မိန်းကလေးငယ်များနှင့် အမျိုးသမီးများဖြစ်သည်။လူကုန်ကူးမှု ကျူးလွန်ကြသူများသည် အဓိကအားဖြင့် အမျိုးသမီးများပင်ဖြစ်သည်။မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်နေ သည့် မတည်ငြိမ်မှုများ၊ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးမှု၊ စီးပွားရေးအခြေအနေ နိမ့်ကျမှု၊ ဆင်းရဲနွမ်းပါးမှု စသည်တို့က အမျိုးသမီးငယ်များကို လူကုန်ကူးမှုကျူးလွန်ခံရစေရန် တွန်းအားပေး နေသည့် အကြောင်းရင်းခံများဖြစ်နေသည်ကို တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် လုပ်ငန်း စီမံချက်များရေးဆွဲကာ ဆောင်ရွက်ခဲ့ကြပြီး မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထ

(၅)နှစ်စီမံကိန်း (၂၀၂၂-၂၀၂၆)အပေါ် အခြေခံပြီး မြန်မာနိုင်ငံလူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ (၅)နှစ်စီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေး ၁/၂၀၂၆ ကို ယခုနှစ် မတ်လ ၁၃ ရက်နေ့တွင် ကျင်းပဆောင်ရွက်ခဲ့ပြီးနောက် ၂၀၂၆ ခုနှစ်၊ လုပ်ငန်းစီမံချက်တွင် လုပ်ငန်းကဏ္ဍ (၄)ရပ်ဖြစ်သော မူဝါဒနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကြိုတင်ကာကွယ်ရေး၊ တရားစွဲဆိုရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကဏ္ဍများတွင် ပြောင်းလဲဖြစ်ပေါ်နေသော လူကုန်ကူးမှုပုံစံများအား တားဆီးတိုက်ဖျက်နှိမ်နင်းနိုင်မည့် လုပ်ငန်းစဉ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ တပ်ဖွဲ့များနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၏ အကြံပြုချက်များနှင့်အညီ ရေးဆွဲထားသည်ကို တွေ့ရှိရပါသည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများရှိ စက်ရုံ၊ အလုပ်ရုံများတွင် လုပ်သားလိုအပ်ချက်၊ အာဆီယံဒေသတွင်းနိုင်ငံအချို့၏ လုပ်သားလိုအပ်ချက်များအပေါ် အခြေပြုပြီး မြန်မာနိုင်ငံအတွင်းမှ ရွှေ့ပြောင်းသွားရောက် လုပ်ကိုင်လိုသူများကို ပြည်ပသို့ တရားမဝင် ပို့ဆောင်နိုင်ရေးအတွက် လူမှောင်ခိုကူးသူများသည် အုပ်စုဖွဲ့၍ ပြစ်မှုများကျူးလွန်လာကြသည်ကို တွေ့ရှိရပြီး မြန်မာနိုင်ငံအနေဖြင့် လက်ရှိပြဋ္ဌာန်းအသုံးပြုလျက်ရှိသော ရာဇသတ်ကြီး၊ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေ၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေ၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေတို့ဖြင့် ပြစ်မှုကျူးလွန်သူများကို ထိရောက်စွာအရေးယူဆောင်ရွက်လျက် ရှိကြောင်း တွေ့ရှိရပါသည်။

၂၀၂၅ ခုနှစ်မှစ၍ ယနေ့အချိန်ထိ ဖြစ်ပွားခဲ့သော လူကုန်ကူးမှုဖြစ်စဉ်များသည် ယခင်နှစ်များနှင့်မတူဘဲ ပိုမိုဆန်းသစ်သောခေါင်းပုံဖြတ်အမြတ်ထုတ်မှုများကို တွေ့ရှိလာရသည့်အတွက် ပြောင်းလဲတိုးတက်လာသော အခြေအနေအရပ်ရပ်ပေါ်မူတည်ပြီး တားဆီးနှိမ်နင်းကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ဤဖြစ်ရပ်များအပေါ် လေ့လာကြည့်ရှုပါက မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးသည့် ရာဇဝတ်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိပြီး ပြစ်မှုကျူးလွန်ခဲ့ကြသည့်

နိုင်ငံသားများ၊ နိုင်ငံခြားသားများကို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း တွေ့ရှိရပါသည်။

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့် အစိုးရဌာန၊
အစိုးရအဖွဲ့အစည်းများအတွက် အမှုလိုက်ဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**သတင်းအရင်းအမြစ် :**

https://www.moi.gov.mm

https://www.myawady.net.mm

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ( ၄ ) အမှတ် ( ၁၁ ) ၂၀၂၆ ခုနှစ် ဧပြီလ ၁၀ ရက်

## အိန္ဒိယနိုင်ငံတွင် လိင်ပြောင်းလဲထားသူများ၏ အခွင့်အရေးဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ အတည်ပြုခဲ့ခြင်းအကြောင်း

အိန္ဒိယနိုင်ငံတွင် လိင်ပြောင်းလဲထားသူများ (အခွင့်အရေးကာကွယ်မှု)ကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ၂၀၂၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့တွင် အဆိုတင်သွင်းခဲ့ကြပါသည်။ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးတွင် နှုတ်ဖြင့် ဆန္ဒမဲကောက်ယူ၍ အတည်ပြုခဲ့ပြီး ဥပဒေပြုခြင်း လုပ်ငန်းစဉ်ကို အပြီးသတ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။အဆိုပါဥပဒေပြင်ဆင်ချက်များနှင့် စပ်လျဉ်း၍ ဝေဖန်မှုများစွာဖြစ်ပေါ်လျက်ရှိပြီး အိန္ဒိယနိုင်ငံ၏အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ ဥက္ကဋ္ဌ **Aakar Patel** က အဆိုပါဥပဒေသည် လိင်ပြောင်းလဲထားသူများ၏ အကာအကွယ်များကို လျော့ပေါ့စေပြီး လိင်ပြောင်းလဲထားသူများ၏ဘဝကို နိုင်ငံတော်က ဝင်ရောက်စွက်ဖက်မှု ပိုမိုများပြားမှု ဖြစ်စေကြောင်း ဝေဖန်ခဲ့ပါသည်။ဆန့်ကျင်ဘက်ခေါင်းဆောင်များက ဥပဒေကြမ်းအား မြန်ဆန်စွာ အတည်ပြုခြင်းနှင့်စပ်လျဉ်းသည့် စိုးရိမ်မှုများကို ထုတ်ဖော်ပြောဆိုခဲ့ပြီး အဆိုပါဥပဒေကြမ်းအား သက်ဆိုင်သူများနှင့် ကျယ်ကျယ်ပြန့်ပြန့်တိုင်ပင်ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကို အမြဲတမ်းကော်မတီ ထံ လွှဲပြောင်းပေးရန် တိုက်တွန်းခဲ့ကြောင်း တွေ့ရှိရပါသည်။

လိင်ပြောင်းလဲထားသူများ(အခွင့်အရေးကာကွယ်မှု)ဥပဒေသည် ၂၀၁၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပြီး အဆိုပါဥပဒေတွင် လိင်ပြောင်းလဲထားသူများ၏အခွင့်အရေးနှင့် ၎င်းတို့၏လူမှုဖူလုံရေးတို့ အတွက် ပြဋ္ဌာန်းထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ပြင်ဆင်ချက်ဥပဒေတွင် လိင်ပြောင်းလဲထား သူများ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် လိင်ပြောင်းလဲထားသူများအဖြစ် အသိအမှတ်ပြုခြင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုများဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပါသည်။ပြင်ဆင်ချက်ဥပဒေတွင် လိင်အစားထိုးခွဲစိတ်မှု၊ ဟော်မုန်းကုထုံး၊ လေဆာကုထုံး သို့မဟုတ် အခြားကုထုံးတို့ဖြင့် လိင်ပြောင်းအမျိုးသား သို့မဟုတ် လိင်ပြောင်းအမျိုးသမီးတစ်ဦးနှင့် လိင်တူတို့ကို အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ဖယ်ရှားခဲ့ကြောင်း တွေ့ရှိရ ပါသည်။

ထို့ပြင် လိင်ပြောင်းလဲထားသူအဖြစ် အသိအမှတ်ပြုခြင်းကိစ္စရပ်နှင့်စပ်လျဉ်း၍ ယခင်ဥပဒေတွင် ခရိုင်တရားသူကြီးထံ အသိအမှတ်ပြုလက်မှတ်လျှောက်ထားခြင်းသာဖြစ်ပြီး ပြင်ဆင်ချက်ဥပဒေတွင် သတ်မှတ်ထားသော ဆေးဘုတ်အဖွဲ့၏ထောက်ခံချက်ဖြင့် စစ်ဆေးမှုများပြုလုပ်ပြီးနောက် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် ပြင်ဆင်ခဲ့ခြင်းဖြစ်ပါသည်။ပြစ်ဒဏ်ပိုင်းနှင့်စပ်လျဉ်း၍ လိင်ပြောင်းလဲထားသူအဖြစ် ယူဆစေရန်အလို့ငှာ လူတစ်ဦးကို ပြန်ပေးဆွဲခြင်းနှင့် အပြင်းအထန်နာကျင်စေမှု သို့မဟုတ် များစွာသောနာကျင်စေမှုကိုဖြစ်စေခြင်းအတွက် ထောင်ဒဏ်တစ်သက်တစ်ကျွန်းမှ အနည်းဆုံး ၁၀ နှစ်အထိ ချမှတ်နိုင်သည့် ပြဋ္ဌာန်းချက်များကို ထည့်သွင်းပြဋ္ဌာန်းခဲ့ပါသည်။

ဥပဒေရေးရာလေ့လာသူများက ဤပြင်ဆင်ချက်နှင့်စပ်လျဉ်း၍ ၂၀၁၄ ခုနှစ် NALSAနှင့် အိန္ဒိယပြည်ထောင်စု(NALSA v. Union of India)အမှုတွင် ချမှတ်ခဲ့သော လိင်ပိုင်းဆိုင်ရာခွဲခြား သတ်မှတ်ခြင်းကို ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ကိစ္စရပ်အဖြစ် သတ်မှတ်ခဲ့ပြီး ဆေးပညာအရ မဖြစ်မနေသတ်မှတ်ရန် မလိုသော ကိုယ်ပိုင်အခွင့်အရေးအဖြစ် အသိအမှတ်ပြုခဲ့သည့် မူသဘောတရားတို့နှင့် ဆန့်ကျင်ကွဲလွဲနေကြောင်း မှတ်ချက်ပြုခဲ့ပါသည်။ဥပဒေမူဘောင်အသစ်သည် နိုင်ငံတော်၏ကြီးကြပ်မှု များပြားလာခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအကာအကွယ်များနှင့် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့် ကိုက်ညီမှု မရှိခြင်းများအပေါ် ဝေဖန်သူများကြားတွင် စိုးရိမ်မှုများပေါ်ပေါက်စေသည်။

တရားရုံးချုပ်မှ ခန့်အပ်ထားသော လိင်ပြောင်းလဲသူများ၏ အခွင့်အရေးဆိုင်ရာ ကျွမ်းကျင်ကော်မတီက ဥပဒေကြမ်းအား ရုပ်သိမ်းရန်နှင့် သက်ဆိုင်သည့်လူမှုအသိုင်းအဝိုင်းများနှင့် ထပ်မံဆွေးနွေးညှိနှိုင်းရန် အကြံပြုထားသော်လည်း အဆိုပါဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါကော်မတီက အစိုးရအား ဥပဒေကြမ်းကို ရုပ်သိမ်းပြီး လိင်ပြောင်းလဲသူများ အသိုက်အဝန်းများနှင့် ပြည့်စုံသော တိုင်ပင်ဆွေးနွေးမှုများတွင် ပါဝင်ဆောင်ရွက်ရန် တောင်းဆိုခဲ့သော်လည်း အဆိုပါဥပဒေကို ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် Rajasthan တရားရုံးချုပ်က ဥပဒေပြုရေးဆိုင်ရာ ပြောင်းလဲမှုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအာမခံချက်များ၊ အထူးသဖြင့် ယခင်တရားရုံးချုပ် ဆုံးဖြတ်ချက်များ

တွင် အသိအမှတ်ပြုထားသောအာမခံချက်များကို လျော့ပါးစေနိုင်မည်မဟုတ်ကြောင်း၊ ပြင်ဆင်ချက်များသည် အနာဂတ်တွင် တရားရေးဆိုင်ရာ စိန်ခေါ်မှုများရှိနိုင်ကြောင်း အသိပေးပြောကြားခဲ့သည်ကို တွေ့ရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကိုးကားချက်**

https://www.jurist.org/news/2026/04/india-passes-transgender-rights-amendment-prompting-concerns-over-compliance-with-supreme-cout-precedent/
https://prsindia.org/billtrack/the-transgender-persons-protection-of-rights-amendment-bill-2026

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ( ၄ ) အမှတ် ( ၁၁ ) ၂၀၂၆ ခုနှစ် ဧပြီလ ၁၀ ရက်

## အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်သည့်ဥပဒေမူကြမ်းကို ကမ္ဘောဒီးယားအစိုးရက အတည်ပြုလိုက်ခြင်း

ကမ္ဘောဒီးယားနိုင်ငံသည် အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရန် ရည်ရွယ်သည့် အွန်လိုင်းလိမ်လည်မှုများတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေမူကြမ်းတစ်ရပ်ကို မတ်လ ၁၃ ရက်နေ့တွင် ကမ္ဘောဒီးယားအစိုးရအဖွဲ့၏ အပတ်စဉ်အစည်းအဝေး၌ အတည်ပြုခဲ့ကြောင်းနှင့် အဆိုပါဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်နှင့် အထက်လွှတ်တော်တို့တွင် အဆင့်ဆင့်ဆက်လက် အတည်ပြုပြီးနောက် ကမ္ဘောဒီးယားဘုရင် နိုရိုဒုံစီဟာမိုနီ ထံသို့ တင်ပြကာ အပြီးသတ်အတည်ပြုပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း ပြန်ကြားရေးဝန်ကြီး နက်ပီယာကက်ထရာ က ပြောကြားခဲ့ပါသည်။

ယင်းဥပဒေမူကြမ်းသည် အွန်လိုင်းလိမ်လည်မှုများကို တားဆီးနှိမ်နင်းရန်နှင့် ငွေကြေးလျှို့ဝှက်ဆောင်ရွက်မှုများကို တိုက်ဖျက်ရန်တို့အတွက် အရေးပါသော ဥပဒေတစ်ရပ်ဖြစ်သည့်အပြင် နိုင်ငံအတွင်း အွန်လိုင်းဖြင့် လိမ်လည်သော ရာဇဝတ်မှုများကျူးလွန်ခြင်းနှင့် ကျူးလွန်သူများအတွက် လုံခြုံသည့်နေရာ မဟုတ်ကြောင်းကို ပြသနိုင်ရန် ရည်ရွယ်သည့် ဥပဒေတစ်ရပ်ဖြစ်ကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ အွန်လိုင်းလိမ်လည်မှုများတိုက်ဖျက်ရေးဆိုင်ရာဥပဒေမူကြမ်းတွင် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- အွန်လိုင်းလိမ်လည်သူများကို ထောင်ဒဏ် ၂ နှစ်မှ ၅ နှစ်အထိ ချမှတ်မည့်အပြင် ငွေဒဏ် ရီယယ် သန်း ၅၀၀ (အမေရိကန်ဒေါ်လာ ၁၂၅,၀၀၀ ခန့်၊ မြန်မာ ကျပ်ငွေ သိန်းပေါင်း၄ါးထောင်ကျော်ခန့်)အထိ ချမှတ်မည်ဖြစ်ပါသည်။
- အွန်လိုင်းလိမ်လည်မှုစင်တာများ၏ ခေါင်းဆောင်များကို ထောင်ဒဏ် ၅ နှစ်မှ ၁၀ နှစ်အထိ ချမှတ်မည့်အပြင် ငွေဒဏ် ရီယယ် ၁ ဘီလီယံ (အမေရိကန် ဒေါ်လာ ၂၅၀,၀၀၀ ခန့်၊ မြန်မာကျပ်ငွေ သိန်းပေါင်းတစ်သောင်းကျော်ခန့်)အထိ ချမှတ်မည်ဖြစ်ပါသည်။ ၎င်းတို့အနေဖြင့် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများတွင် အကြမ်းဖက်မှု၊ ညှဉ်းပန်း

နှိပ်စက်မှု၊ မတရားထိန်းသိမ်းမှု၊ လူကုန်ကူးမှု သို့မဟုတ် အလုပ်ခိုင်းစေမှုများတွင် ပါဝင်ပါက ထောင်ဒဏ် ၁၀ နှစ်မှ ၂၀ နှစ် အထိ ချမှတ်ခံရမည့်အပြင် ငွေဒဏ် ရီယယ် ၂ ဘီလီယံ(အမေရိကန်ဒေါ်လာ ၅၀၀,၀၀၀ ခန့်၊ မြန်မာကျပ်ငွေ သိန်းပေါင်းနှစ်သောင်း ကျော်ခန့်)အထိ ချမှတ်ခံရမည်ဖြစ်ပါသည်။

- အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ ကျူးလွန်ရာ၌ တစ်ဦး သို့မဟုတ် လူအများအပြား သေဆုံးမှုကို ဖြစ်စေခဲ့သည့် အွန်လိုင်းကြိုးကိုင်စေခိုင်းသူများကို ထောင်ဒဏ် ၁၅ နှစ်မှ ၃၀ နှစ်အထိ ချမှတ်မည်ဖြစ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ၎င်း၏ လုံခြုံရေး၊ စီးပွားရေးနှင့် နိုင်ငံတကာပုံရိပ်ကို မြှင့်တင်ရန် ရည်ရွယ်၍ ၂၀၂၅ ခုနှစ်၊ ဇွန်လမှစတင်ကာ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့သဖြင့် သံသယရှိ နိုင်ငံခြားသား အွန်လိုင်း လိမ်လည်သူ ၂၁၀,၀၀၀ ကျော်သည် ၎င်းတို့၏သဘောဆန္ဒအလျောက် နိုင်ငံအတွင်းမှ ထွက်ခွာသွားခဲ့ကြောင်းနှင့် ၃၀,၀၀၀ ကျော်ကို ပြည်နှင်ဒဏ်ပေးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီး ဆာဆော့ခါ က ဆိုပါသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဥပဒေမူကြမ်းကို အတည်ပြု ပြဋ္ဌာန်းခြင်းဖြင့် နိုင်ငံအတွက် ရရှိလာနိုင်သည့်ကောင်းကျိုးများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

- ပြင်းထန်သည့်ပြစ်ဒဏ်များ သတ်မှတ်ထားသည့်အတွက် အွန်လိုင်းလိမ်လည်မှု ကျူးလွန်မည့်သူများကို ကြောက်ရွံ့စေပြီး အွန်လိုင်းလိမ်လည်မှုများ လျော့နည်းလာနိုင်ခြင်း၊
- ပြည်သူများအနေဖြင့် အွန်လိုင်းအသုံးပြုရာတွင် ပိုမိုလုံခြုံစိတ်ချမှုရှိလာပြီး ငွေကြေး နစ်နာဆုံးရှုံးမှုများ လျော့နည်းလာနိုင်ခြင်း၊
- အွန်လိုင်းလိမ်လည်မှုကွန်ရက်များနှင့် ဆက်စပ်လျက်ရှိသော လူကုန်ကူးမှု၊ အတင်း အဓမ္မအလုပ်ခိုင်းစေမှုများကိုလည်း ထိရောက်စွာ တားဆီးနိုင်ခြင်း၊

- အွန်လိုင်းလိမ်လည်မှုနှင့်ဆက်နွှယ်သည့် ငွေကြေးလျှို့ဝှက်ဆောင်ရွက်မှုများကို တားဆီးနိုင်သဖြင့် ဘဏ္ဍာရေးစနစ် လုံခြုံရေးကောင်းမွန်လာသည်နှင့်အမျှ နိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ ပိုမိုဝင်ရောက်လာနိုင်ပြီး နိုင်ငံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာနိုင်ခြင်း။

နိဂုံးချုပ်အနေဖြင့် အွန်လိုင်းလိမ်လည်မှုများတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေမူကြမ်းသည် ကမ္ဘောဒီးယားနိုင်ငံအတွက် နိုင်ငံတကာ၏ယုံကြည်မှုကို တိုးတက်စေသည့် ပြယုဂ်တစ်ခုဖြစ်သည့်အပြင် ကမ္ဘောဒီးယားနိုင်ငံအတွင်း အွန်လိုင်းလိမ်လည်မှုများ တိုက်ဖျက်ရေးအတွက်လည်း အပြုသဘောဆောင်ပြီး ကောင်းမွန်သောဥပဒေတစ်ရပ် ဖြစ်ပါသည်။သို့သော် အဆိုပါဥပဒေ အမှန်တကယ် အထမြောက်အောင်မြင်ရေးသည် မှုတပြီး သမာသမတ်ကျသော တရားဥပဒေစိုးမိုးရေးအပြင် အွန်လိုင်းဖြင့် လိမ်လည်ခံရသူများကို အကာအကွယ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ချက်များအပေါ် မူတည်မည်ဖြစ်ပါကြောင်းနှင့် ယင်းဥပဒေမူကြမ်းအား အတည်ပြုပြဋ္ဌာန်းပြီးနောက်တွင် ထိုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ နိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို လေ့လာစောင့်ကြည့်သွားသင့်ပါသည်။

ဥပဒေအသိပညာပြန့်ပွားရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

ဆင်ဟွာသတင်းဌာန

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ( ၄ ) အမှတ် ( ၁၁ ) ၂၀၂၆ ခုနှစ် ဧပြီလ ၁၀ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

